သတ်မှတ်မှုတွင် အိမ်ထောင်စု အားလုံး၏ ၅၇.၁%သည် အဆင်ပြေသောအိမ်ထောင်စု၊ ၁၇.၁ ရာခိုင်နှုန်းသည် အလယ်အလတ်အိမ်ထောင်စုဖြစ်ပြီး ၁၆.၂ ရာခိုင်နှုန်းသည်ဆင်းရဲသောအိမ်ထောင်စု နှင့် ၉.၅ ရာခိုင်နှုန်းသည် အလွန်ဆင်းရဲသောအိမ်ထောင်စုများ ဟုသတ်မှတ်ပါသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု ၊ လက်လှမ်းမီမှု၊ လယ်ယာသုံးစက်ကရိယာများပိုင်ဆိုင်မှုနှင့် ဆက်သွယ်ရေး ကောင်းမွန်မှုတို့ကြောင့်ကျေးရွာစီးပွားရေးအနေအထားမှာ အသင့်အတင့်ကောင်းမွန်သည်ဟုပြောဆို နိုင်သည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်း၊ ရွှေမှော်၊ ကျောက်လုပ်ကွက်များတွင် နေ့စားလုပ်ငန်း ကျပန်းလုပ်ငန်းများရှာဖွေလုပ်ကိုင်ကြသည်။ ကျေးရွာမှဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများ၏ ၃၀ ရာခိုင်နှုန်းဖြစ်သော အိမ်ထောင်စု (၈)စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏ (၁)အိမ်ထောင်စုမှာ အတိုးဖြင့်ချေးယူစားသောက်ကြပြီး ကျန်(၇) အိမ်ထောင်စုမှာဆွေမျိုးများထံမှချေးယူစားသောက်ကြသည်ကို တွေ့ရှိရသည်။ အကြွေးတင်ရှိမှုတွင် အိမ်ထောင်စုအားလုံးသည် ချေးငွေ ၁၀၀၀၀၀ ကျပ်မှ ၂၀၀၀၀၀ ထိတင်ရှိနေကြသည်။ အိမ်ထောင်စု အားလုံးတွင်(၅)အိမ်ထောင်စုသည် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများဖြစ်ကြပြီး အလွန် ဆင်းရဲကြသည်။

ကျေးရွာတွင်လယ်ယာမဲ့များနှင့် အလုပ်လုပ်နိုင်သောလူငယ်အများစုသည် ရွာပြင်ပသို့သွား ရောက်၍ဝင်ငွေရရှိရေးအတွက် သွားရောက်အလုပ်လုပ်ကိုင်ကြရာ လူငယ်အချို့မှာလိင်မှတဆင့်ကူး စက်တတ်သည့်ရောဂါများ၊အရက်နှင့်မူးယစ်ဆေးဝါးသုံးစွဲမှုအန္တရာယ်တို့ ရှိတတ်ကြသည်။

ကျေးရွာသည်အဝေးပြေးကားလမ်းမပေါ်တွင် တည်ရှိ၍ ယခုနှစ်ပိုင်းတွင် ယာဉ်မတော်တဆ မှုများ များပြားလာခဲ့သည်။ ကျေးရွာချင်းဆက်လမ်းကို အဝေးပြေးလမ်းအဖြစ်အသုံးပြုလာကြသော ကြောင့် ယာဉ်တိုက်မှုများပြားလာခဲ့သည်။ ကားလမ်းမှာအလွန်ကျဉ်းပြီး မော်တော်ကားများကြီးမား နေသောကြောင့် ယာဉ်တိုက်မှုများဖြစ်ပေါ်ရခြင်းဖြစ်သည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာတွင် ရွာသူရွာသားအများစုသည် သာမန်အားဖြင့်ကျန်းမာရေးကောင်းမွန်ကြပြီးအ

တွက်စိုက်ပျိုးကြပြီး ပဲပုတ်ကိုစမ်းသပ်စိုက်ပျိုးကြသည်။ မြေပဲစိုက်ဧက (၂၅)ဧကနှင့် ပဲပုတ်စမ်းသပ်စိုက်ဧက (၅၀)ခန့်ရှိကြသည်။ ဆောင်းမြေပဲတစ်ဧကပျှမ်းမျှထွက်နှုန်းမှာ (၂၀)တင်းရှိသည်။

တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်တွင်မိမိလယ်မြေအတွင်း သွားလာရန်ခက်ခဲသည့်အတွက် လယ်ယာထွက်ကုန်ဖြစ်သော စပါးရိတ်သိမ်းချိန်များတွင် အလွယ်တကူ သယ်ယူပို့ဆောင်နိုင်ခြင်း မရှိ၍စပါး၏အရည်အသွေးကျဆင်းပြီး စပါးတန်ဖိုးလျော့နည်းစွာရောင်းချရသည့်အတွက် နစ်နာမှုများရှိသည်။ တောင်သူများသည် အလုပ်သမားရှားပါးမှု ကုန်ကျစရိတ်မြင့်မားမှုများနှင့် ရင်ဆိုင်ရတတ်သည်။

ကျေးရွာတွင် ကျွဲ၊နွား၊ ဝက်၊ ကြက်တို့ကို တပိုင်တနိုင်အဖြစ်အနည်းအကျဉ်းမွေးမြူကြသည် ကျွဲနှင့်နွားကို လယ်ယာသုံး ရန်မွေးမြူကြပြီး ဝက်နှင့်ကြက်ကို တပိုင်တနိုင်အဖြစ်မွေးမြူကြသည်။ ခိုင်းနွားနှင့်နွားမများကိုမွေးမြူကြသော်လည်း စားကျက်မြေမရှိခြင်း၊ မြေလွတ်မြေရိုင်းမရှိခြင်းတို့ကြောင့် မွေးမြူမှုကျဆင်းလာကြသည်။ မွေးမြူရေးအတွက် မြို့နယ်မွေးကုဦးစီးဌာနမှအကူအညီရရှိပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်းမရှိပေ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားဈေးရောင်း ခြင်းလုပ်ငန်းနှင့် အစိုးရဝန်ထမ်းတို့ဖြစ်ကြသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းငယ်မှ အတင့်အသင့် အနေအထားရှိသည်။ လက်လုပ်လက်စားအများစုမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်ရှိပြီး ကျန်အချိန်များတွင် ဝင်ငွေမရှိခြင်းကြောင့်တွက်ခြေကိုက်မှုနည်းပါးသည်။

ကျေးရွာတွင်အလုပ်လုပ်နိုင်သော ဦးရေများပြားပြီး ကျေးရွာအတွက် အလားအလာကောင်းတစ်ရပ်ဖြစ်ပါသည်။ မြို့ပေါ်တွင်အသက်မွေးဝမ်းကျောင်းအချို့ကိုပေးနိုင်သော ဝန်ဆောင်မှုလုပ်ငန်းများရှိကြသည်။ ရွာသားများမှထိုသင်တန်းကိုတက်ရောက်သူနည်းပါးကြသည်။ အစိုးရဌာနအချို့နှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ငွေကြေးအကုန်ကျခံကာသင်ကြားပို့ချပေးသော်လည်းအနည်းအကျဉ်းသာ သွားရောက်သင်ယူနိုင်ကြသည်။

**(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

ကျေးရွာတွင် ဓာတ်မြေသြဇာ များအလွန်အကျွံသုံးစွဲခြင်းကြောင့် မြေဆီလွှာပျက်စီးမှုနှုန်းမြင့်မားသည်။ တောင်သူများသည်ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓာတုပိုးသတ်ဆေးများကိုသာအ

သုံးပြုမှု များပြားသည်။ ကျေးရွာပတ်ဝန်းကျင် သန့်ရှင်းရေးစီမံခန့်ခွဲမှု အားနည်းသောကြောင့် ပလပ်

စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို နေရာအနှံ့တွေ့ရှိနေရသည်။ ကျေးရွာတွင်းတောင်သူများသည် ဒေသမျိုးရင်းများဖြစ်သည့်အပင်များအစား ထွက်နှုန်းတိုးမျိုးများသုံးစွဲလာခြင်းကြောင့် ဒေသအပင်မျိုးစိတ်များရှားပါးလာကြသည်။
ဖျက်ပိုးအန္တရာယ်နှင့်ကြွက်များပေါ်များလာခဲ့သည်။ရေအရင်းအမြစ်
အနေဖြင့် မြေအောက်ရေကိုသာအသုံးပြုကြသည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာမှတောင်သူဦးကြီးများသည်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်နှစ်လျှင် ၅ကျပ်တိုးနှုန်း၊တစ်ဧကလျှင်တစ်သိန်းငါးသောင်းကျပ်နှုန်းဖြင့်အများဆုံး၁၀ဧကအတွက်ချေးယူနိုင်ကြသည်။ ကျေးရွာတွင် သမချေးငွေနှင့် မြစိမ်းရောင် ချေးငွေအဖွဲ့များလည်းရှိသည်။ မြန်မာ့စိုက်ပျိုးရေးဘဏ်မှ ထုတ်ချေးငွေကို ပုံစံ (၇)ရှိထားသော တောင်သူများသာချေးယူနိုင်ကြသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင် မူလတန်းကျောင်း တစ်ကျောင်းရှိသည်။ မူလတန်းကျောင်းအရွယ်မှာ အလျား (၁၂၀)ပေ၊ အနံ (၃၀)ပေ၊ အမြင့်(၁၅)ပေရှိ သွပ်မိုး အုတ်နံရံကွန်ကရစ်ခင်း (၆)ခန်းတွဲအဆောင်တစ်ခု ရှိပါသည်။ ကျောင်းဆရာ၊ ဆရာမဝန်ထမ်းအိမ်ယာနှင့် ကျောင်းခြံစည်းရိုးများလိုအပ်နေသေးသည်.။ ကျောင်းဆောင်နှင့် စာသင်ခုံများ ပရိဘောဂများလုံလောက်သော်လည်း ပူအိုက်သောရာသီတွင် ပန်ကာများတိုင်ကပ်နာရီများလိုအပ်နေသေးသည်။မူလတန်းပြီး၍အထက်တန်းနှင့်အလယ်တန်းကျောင်းတက်သူများမှာ မြို့သစ်ကလေးကျေးရွာတွင် တက်ရောက်ကြရသည်။ အလယ်တန်းတက်ရောက်သူ

သော စက်ဘီး(၉၀)စီး၊ မော်တော်ဆိုင်ကယ်(၉၉)စီး၊ ထော်လာဂျီ(၆)စီး၊ ကား(၁၀)စီး၊ နွားလှည်း(၅၈)

စီးရှိသည်။ ကျေးရွာတွင်လျှပ်စစ်မီးကို ၂၀၁၅ ခုနှစ်မှစ၍ဆက်သွယ်ထားရှိပြီး အိမ်ထောင်စုအားလုံး၏

(၃၀)ရာခိုင်နှုန်းခန့်သည် သွယ်တန်းအသုံးပြုနေကြပြီဖြစ်သည်။ မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ သတင်းအချက်လက်များကို တီဗီ၊ ဂြိုလ်တုစလောင်းများကြည့်ရှုခြင်းဖြင့် ရရှိကြသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပြီး ခိုးမှုအနည်းငယ်ရှိသည်။တယ်လီဖုန်းအသုံးပြု

ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလိုဆက်သွယ်သိရှိနိုင်သည်။ အာမခံ

လုပ်ငန်းလက်လှမ်းမီမှုမရှိ၍ အာမခံလုပ်ငန်းစိတ်ဝင်စားမှုအားနည်းသည်။ ချိတ်ဆက်ဆောင်ရွက်သူမ

ရှိချေ။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ် လျော့ပါးရေးအစီအစဉ်သီးသန့်ရေးဆွဲထားခြင်းမရှိပါ။ ဗဟုသုတနည်းပါးကြသည်။ လိုအပ်ပါကရဲစခန်းသို့အလွယ်တကူချိတ်ဆက်နိုင်သော်လည်း ကျေးရွာနှင့်(၄)မိုင်ခန့်ဝေးသောကြောင့် မှုခင်းဖြစ်ပွားပါက အချိန်မီမရောက်ရှိနိုင်ပေ။ ကျေးရွာတွင်ရာဇဝတ်ဖြစ်ပွားမှုနည်းပါးသည်။

**၅။ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ**

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓာတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ကြသဖြင့် ထင်းသုံးစွဲမှု ကိုလျော့ချစေပြီး ကျောင်းသူကျောင်းသားများအတွက် စာဖတ်ခြင်းတွင်အထောက်အပံ့ရရှိ၍ လူနေမှုအဆင့်အတန်း မြင့်မားရေးအတွက် အထောက်အကူ ဖြစ်စေပါသည်။

အလုပ်လုပ်နိုင်သောလူဦးရေမှာ စုစုပေါင်းလူဦးရေ၏ ၆၇ ရာခိုင်နှုန်းရှိသည်။ လူငယ်များကို လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေပါသည်။ ကျေး

# ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစား ပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ***ကျေးရွာအဆောက်အအုံ*** | | | | | |
| | ၁။ လမ်းတံတားပြုပြင်ခြင်း | ၁၀၀ | ၁ | | ကျေးလက် ဦးစီး |
| ***စိုက်ပျိုးရေး*** | | | | | |
| ရေမလုံလောက်မှု | ၂။စိုက်ပျိုးရေမလုံလောက်ခြင်း | ၉၅ | ၂ | – ကျေးလက်ဦးစီးဌာန၏ အကူအညီဖြင့်ရေရရှိရေးအစီအစဉ်များဆောင်ရွက်ခြင်း<br>– ဆည်မြောင်းများတပိုင်တနိုင်ပြုပြင်ခြင်း၊ | |
| ပညာရေး | ၃။စာသင်ကျောင်းခြံစည်းရိုးနှင့်သောက်သုံးရေမလုံလောက်မှု | ၉၀ | ၃ | -ဌာနဆိုင်ရာများနှင့်ချိတ်ဆက်ခြင်း၊<br>-ရံပုံငွေပြန်လည်စုဆောင်းမည့်အစီအစဉ်များစတင်ခြင်း<br>-တက်ကြွသည့်ကော်မတီများဖြင့်ပြန်လည်ပြင်ဆင်ဖွဲ့စည်းခြင်း<br>-စွမ်းဆောင်ရေးမြင့်တင်မှုများဆောင်ရွက်ပေးခြင်း | – |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၅ | အအေးလွန်ကဲခြင်း | နိမ့် | ဒီဇင်ဘာလနှင့်ဇန်နဝါရီလများတွင်ဖြစ်လေ့ရှိ |
| ၆ | မုန်တိုင်း | နိမ့် | ဆိုးဝါးစွာဖြစ်လေ့မရှိ |
| ၇ | လျှပ် | နိမ့် | အနည်းငယ်သိသာရုံသာ |
| ၈ | မီးဘေး | လတ် | အချိန်မရွေးကျရောက်နိုင် |
| ၉ | ဆားငန်ရေဝင်မြေ | နိမ့် | ပင်လယ်နှင့်နီးစပ်မှုမရှိ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | နိမ့် | မြေပြန့်တွင်တည်ရှိသည်။ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် | သစ်တောဝါးတိုများ အလွန်အကျွံခုတ်ခြင်း |
| ၁၂ | ငှက်ဖျားရောဂါ | လတ် | မိုးရာသီဥခြင်ပေါ်ခြင်း။ |
| ၁၃ | တီဘီရောဂါ | နိမ့် | ဆေးလိပ်သောက်သုံးသူများခြင်း၊ကျန်းမာရေး ဗဟုသုတအားနည်းခြင်း။ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | နိမ့် | မူးယစ်ဆေးသုံးသူနှင့်ဆေးထိုးအပ်တို့မှကူးစက်ခြင်း |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | လတ် | တိုင်းရင်းသားလက်နက်ကိုင်များဆက်ကြေးကောက်ခြင်း၊မိုင်းထောင်ခြင်းများရှိသည်။ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် | ရာသီအလိုက်ရောဂါများဆိုးရွားစွာကျရောက်လေ့ရှိသည်။ |
| ၁၇ | လူကုန်ကူးခြင်း | နိမ့် | ကျေးရွာတွင် မရှိသေးပါ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည် | နိမ့် | လမ်းပန်းဆက်သွယ်ရေးကောင်းပြီး တနှစ်ပတ်လုံးသွားလာနိုင်သည်။ |
| ၁၉ | အခြား | - | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေတွင် သဘာဝအရင်းအမြစ်ရှားပါးမှု၊သစ်တောပြုန်းတီးမှု၊တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု စသည်တို့တွင်ထိခိုက်လွယ်မှုမြင့်သည်။

အဘယ်ကြောင့်ဆိုသော် စိုက်ပျိုးမြေတိုးချဲ့ရန်မရှိခြင်း၊ စည်းကမ်းမဲ့သစ်ခုတ်ထင်းခုတ်သူများခြင်း၊ပြန်လည်စိုက်ပျိုးမှုမရှိခြင်းတို့ကြောင့် ဖြစ်သည်။ တိရစ္ဆာန်များစားကျက်မြေမရှိခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်းနှင့် စားကျက်မြေကျဉ်း၍ တိရစ္ဆာန်များထိန်းသိမ်းမှုမရှိလွတ်ထားခြင်းတို့ကြောင့် ထိခိုက်လွယ်မှုမြင့်မားသည်။ ရံဖန်ရံခါနှစ်များတွင် မိုးခေါင်တတ်ခြင်းကြောင့် ထိခိုက်လွယ်မှုမြင့်သည်။ မိုးရာသီဥခြင်ပေါခြင်းကြောင့် ငှက်ဖျားရောဂါမှာ ထိခိုက်လွယ်မှုအလယ်အလတ်ဖြစ်ပါသည်။ ပြည်တွင်းပဋိပက္ခများတိုင်း

ရင်းသားလက်နက်ကိုင်များဆက်ကြေးကောက်ခံခြင်း၊ တောတောင်များတွင်မိုင်းထောင်ခြင်းများရှိ၍ ထိခိုက်လွယ်မှုအလယ်အလတ်ဖြစ်ပါသည်။

**(၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

**ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | မြင့် | မူးယစ်ဆေးစွဲသူများခြင်း |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် | အမျိုးသမီးများလုပ်ခလစာနည်းခြင်းဦးဆောင်မှုနည်းခြင်း |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် | ပုံမှန်အလုပ်မရှိဝင်ငွေနည်း |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | နိမ့် | |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မရှိ | |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင် နေထိုင်သူများ | နိမ့် | အဝေးပြေးကားလမ်း၊မီးရထားလမ်းတို့နှင့်နီးခြင်း၊ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မရှိ | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | မရှိ | |
| ၉ | ငါးကန်ပိုင်ရှင် | မရှိ | |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | မြင့် | ပုံမှန်အလုပ်မရှိ၊လုပ်အားခနည်းခြင်း၊ဝင်ငွေနည်းခြင်း |
| ၁၁ | လူနည်းစုလူမျိုးများ | မရှိ | ရှမ်း၊ဗမာလူအများဆုံးနေထိုင်သည်။ |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာတွင် နေထိုင်သူများ | နိမ့် | တောတောင်တွင်း၊ထင်းခုတ် ဝါးခုတ် မျှစ်ချိုး၊ဟင်းရှာ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | နိမ့် | |
| ၁၄ | ရွှေတွင်းလုပ်သား | လတ် | လုပ်အားခနည်းခြင်း |
| ၁၅ | ဆေးစွဲသူများ | လတ် | ဆေးကို အလွယ်တကူရနိုင်သည်။ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ | မြင့် | အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်မှုဖြစ်နိုင်ခြေများ |
| ၁၇ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | မရှိ | ဝမ်းစာဖူလုံရန် ဈေးရောင်းသူများသည်။ |

**စိုက်ပျိုးကာလပြီးဆုံးချိန်တွင်လုပ်ကိုင်ခြင်းဖြစ်သည်။ဝင်ငွေမှာအတင့်အသင့်ရှိပါသည်။ပို့ဆောင်ရေးအနေဖြင့် ကား(၆)စီးရှိသော်လည်း မြေသယ်ကားဖြစ်သည့်အတွက် လူစီးကားများမဟုတ်သောကြောင့် လမ်းပြင်ခြင်းအလုပ်ကိုသာ ရှာဖွေလုပ်ရသော အခြေအနေဖြစ်သည်။ ပညာရေးလုပ်သားအဖြစ်ကျောင်းဆရာမနှစ်ဦး၏ဝင်ငွေမှာ ဝန်ထမ်းဖြစ်၍ပုံမှန်ဝင်ငွေရှိသည်။ အမျိုးအမည်မဖော်ပြနိုင်သောလုပ်သား(၄၅)ဦးခန့်ရှိသော်လည်း အလုပ်ပုံမှန်မရှိ၍ဝင်ငွေရပ်တည်နိုင်မှု နိမ့်ကျသည်။**

**(၂.၂.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ**

ဇယား (၂၃-က) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

| **အခွင့်အလမ်း** | **ဖော်ပြချက်/ ရှင်းလင်းချက်** |
|---|---|
| အရောင်းအဝယ် | **လမ်းပမ်းဆက်သွယ်ရေးကောင်းမွန်သည်။** |
| အသက်မွေးလက်မှုပညာ | **သင်ယူနိုင်မည့်မြို့ကြီးများနှင့်ချိတ်ဆက်နိုင်သည်။** |
| | |
| | |
| | |
| | |
| | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။**

**စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများအတွက်အခွင့်အလမ်းမှာ အရောင်းအဝယ်လုပ်ငန်းအတွက်လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည်။ အသက်မွေးလက်မှုပညာများအတွက်မြို့ကြီးများနှင့်ချိတ်ဆက်၍အခကြေးငွေဖြင့် သင်ယူနိုင်ကြသည်။**

ဇယား(၂၃-ခ) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် **ပြဿနာနှင့် အခက်အခဲ**များ

| **ပြဿနာနှင့်အခက်အခဲများ** | **ဖော်ပြချက်/ ရှင်းလင်းချက်** |
|---|---|
| အလုပ်အကိုင်ရှား | **အလုပ်ရုံ စက်ရုံများမရှိခြင်း** |
| အသက်မွေးပညာအားနည်း | **နည်းပညာဖြင့်အသက်မွေးနိုင်ရန်အားနည်းသည်** |
| အရင်းအနှီးမရှိ | ဆင်းရဲသားများအား ချေးငွေအာမခံသူမရှိ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်စိုက်ပျိုးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာအခက်အခဲမှာ အလုပ်ရုံနှင့်စက်ရုံကြီးများ မရှိ၍ အလုပ်အကိုင်ရှားပါးသည်။ ဘွဲ့ရပညာတတ်နည်းပါး၍နည်းပညာလက်လှမ်းမမီနိုင်ပါ။ ဆင်းရဲသားများအတွက် အရင်းအနှီးငွေချေးပေးရန်အာမခံမှုမပေးနိုင်ကြပေ။**

## (၂.၃) ရွှေ့ပြောင်းလုပ်သားများ

### (၂.၃.၁) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

**ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ**

| # | ပုံစံ | အိမ်ထောင်စု အရေအတွက် | လူဦးရေ | | | ပြည်တွင်း | | | ပြည်ပ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | **ရွှေ့ပြောင်း**လုပ်သားတစ်ဦး အနည်းဆုံးရှိသော အိမ်ထောင်စု | - | - | - | - | - | - | - | - | - | - |
| ၂ | **ရွှေ့ပြောင်း**လုပ်ကိုင်သောကျေးရွာရှိလူဦးရေ | - | - | - | - | - | - | - | - | - | - |
| ၃ | **ကျေးရွာပြင်ပသို့ ရွှေ့ပြောင်းမှုကာလ** | | | | | | | | | | |
| | ၃ လ အထိ | ၅ | ၈ | | | ၈ | | ၈ | | | |
| | | | | | | | | | | | |
| | ၆ လ အထိ | ၄ | ၆ | | | ၆ | | ၆ | | | |
| | ၁၂ လ အထိ | ၈ | ၇ | ၂ | | ၇ | ၂ | ၉ | | | |
| | ၁၂ လ အထက် | ၁၁ | ၇ | ၅ | | ၇ | ၅ | ၁၂ | | | |

**ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်အလုပ်အကိုင်ရှားပါးသောကြောင့် ပြည်တွင်းရွှေ့ပြောင်းလုပ်သားသွားလာမှုလုပ်သားများ ရှိနေသည်ကိုတွေ့ရသည်။**

### (၂.၃.၂)ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) **ရွှေ့ပြောင်းသွားလာ**ရခြင်း၏ အဓိက အကြောင်းရင်း

| စဉ် | အကြောင်းအရာ | လူဦးရေ |
|---|---|---|
| ၁ | ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန် | ၃၅ |
| ၂ | နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း | - |
| ၃ | ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း | - |
| ၄ | အခြား | - |

**ရင်းမြစ် … အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းရင်းများမှာ ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေအခွင့်အလမ်းများ ရှာဖွေရန် သွားရောက်လုပ်ကိုင်ခြင်းဖြစ်သည်။ လုပ်ကိုင်ရာတွင် ခက်ခဲကြမ်းတမ်းစွာဖြင့် လုပ်ကိုင်ကြသည်။ အသက်အန္တရာယ်များနှင့် ရင်ဆိုင်ရမှုများ**

| အခက်အခဲ | အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု | လတ် | |
| ရေရှင်းမြစ် | လတ် | |
| ငါးမျိုးကွဲများ | | |
| အခြားတိရစ္ဆာန်မျိုးကွဲများ | | |
| စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | မြင့် | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ တွင် ဓာတ်မြေ‌ြာများအလွန်အကျွံသုံးစွဲခြင်းနှင့်စိုက်ပျိုးစနစ်မှားယွင်း မှုတို့ကြောင့် မြေဆီသြဇာများအန္တရာယ်ရှိမှုမြင့်မားသည်။ ဒေသမျိုးရင်းများဖြစ်သည့်အပင်များအစား ထွက်နှုန်းတိုးမျိုးများသုံးစွဲလာခြင်းကြောင့် အပင်မျိုးစိတ်များရှားပါးလာသည်။ ရေအရင်းအမြစ်အနေဖြင့် မိုးရေကိုသာအားထားရပြီး သောက်သုံးရေကိုရေတွင်း၊လက်နှိပ်တုံကင် ကိုသုံးကြသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမရှိ၍ စွန့်ပစ်ပစ္စည်းပစ်ရန်နေရာမရှိ၍ကျေးရွာပတ်ဝန်းကျင်တွင် အမှိုက်များဖြင့်ပြည့်နှက်နေပါသည်။

(၂.၇) ပညာရေး

(၂.၇.၁) ပညာရေးနှင့် စာတတ်မြောက်မှု

**ဇယား** (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

| အတန်းပညာပြီးမြောက်မှု | ကျား | မ | ပေါင်း | ၉ နှစ်နှင့်အထက် လူဦးရေ၏ % |
|---|---|---|---|---|
| စာမတတ်သူဦးရေ | | ၁ | ၁ | |
| ဘုန်းကြီးကျောင်းသင်ပညာရေး | ၉ | ၅ | ၁၄ | ၂.၅% |
| မူလတန်းပညာရေး မပြီးဆုံးသူဦးရေ | ၁၄ | ၂၀ | ၃၄ | ၆.၁% |
| မူလတန်းပညာရေး ပြီးဆုံးသူဦးရေ | ၁၆၆ | ၁၉၇ | ၃၆၃ | ၆၅% |
| အလယ်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၅၃ | ၄၁ | ၉၄ | ၁၆.၈% |
| အထက်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၄ | ၁၈ | ၂၂ | ၃.၉% |
| တက္ကသိုလ်ပညာ ပြီးဆုံးသူဦးရေ | ၈ | ၂၂ | ၃၀ | ၅.၇% |
| **၉ နှစ်နှင့်အထက် လူဦးရေပေါင်း** | **၂၅၄** | **၃၀၄** | **၅၅၈** | **၁၀၀%** |

ရင်းမြစ် ...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ပညာရေးနှင့်စာတတ်မြောက်မှုကိုလေ့လာကြည့်ရာတွင် စာမတတ်သူ(၁)ဦး၊ ဘုန်းကြီးကျောင်းသင်ပညာရေး(၁၄)ဦး၊

| | အတွက် | အဆိုး | နွေ | မိုး | ဆောင်း | |
|---|---|---|---|---|---|---|
| ရေတွင်း | ၁၂ | ကောင်း | √ | √ | √ | |
| အဝီစိတွင်း (စက်တပ်) | | | | | | |
| အဝီစိတွင်း/တုံကင် | ၆၀ | ကောင်း | √ | √ | √ | |
| ကန် | - | | | | | |
| မြစ်/ချောင်း | - | | | | | |
| မိုးရေသိုလှောင်ကန် | - | | | | | |
| စိမ့်စမ်းရေသွယ်တန်းခြင်း | - | | | | | |
| အခြား | - | | | | | |

**ရင်းမြစ်**... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရေတွင်း(၁၂)တွင်းနှင့် အဝီစိတွင်း(တုံကင်) ၆၀တွင်းရှိသည်။ တ**

**နှစ်ပတ်လုံးရေလုံလောက်မှုရှိပြီး သောက်သုံးရန်သင့်တော်ပါသည်။**

## (၂.၉.၂)သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား (၃၈) အိမ်သာ အမျိုးအစား

| **သုံးစွဲနိုင်သောအိမ်သာအမျိုးအစား** | **သုံးစွဲနိုင်သော အိမ်ထောင်စု** | **ရှင်းလင်းချက်** |
|---|---|---|
| ယင်လုံအိမ်သာ | ၉၉ | ကျန်းမာရေးကို အထောက်အကူဖြစ်ပါသည် |
| ကျင်းအိမ်သာ | ၆ | အလွန်ဆင်းရဲ |
| မြေပေါ် အိမ်သာ | - | |
| တောထိုင် | - | |
| **စုစုပေါင်း** | ၁၀၅ | |

**ရင်းမြစ်**... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အိမ်ထောင်စု(၁၀၅)အိမ်ရှိသော်လည်း ယင်လုံအိမ်သာမှာ(၉၉)

လုံးသာရှိပြီး ကျန်(၆)လုံးမှာကျင်းအိမ်သာများဖြစ်သည်။

## (၂.၁၀) ကျား-မ ကိစ္စရပ်ဆိုင်ရာ

ဇယား (၃၉) ကျား-မ ကိစ္စရပ်ဆိုင်ရာ

| # | ***ကျား-မ ကိစ္စရပ်ဆိုင်ရာ*** | ***ရှိ*** | ***မရှိ*** | ***မှတ်ချက် / သုံးသပ်ချက်*** |
|---|---|---|---|---|
| *၁* | ကျေးရွာ စီမံခန့်ခွဲမှုစနစ်တွင် အမျိုးသမီး တက်ကြွစွာ ပါဝင်မှု/ ခေါင်းဆောင်မှု | ***ရှိ*** | | ***အနည်းငယ်*** |

